## ပညာရေးဒီဂရီကောလိပ် သင်ရိုးမာတိကာ[1]

## အင်္ဂလိပ်စာ

- *စာသင်နှစ် - ၄ နှစ်၊ စာသင်နှစ်ပတ် ၈ ခု*
- *စာသင်ချိန် - တစ်ပတ်လျှင် ၅၀ မိနစ် စာသင်ချိန် ၃ ချိန်။*

### ၁။ နိဒါန်း

ဤအင်္ဂလိပ်စာဘာသာရပ်သည် ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းတွင် ပါဝင်ပါသည်။ မြန်မာနိုင်ငံ၏ အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် သတ်မှတ်ထား အင်္ဂလိပ်စာဘာသာရပ်တွင်ပါရှိသော သင်ရိုးအကြောင်းအရာများကို သင်ကြားနိုင်သော ဆရာများအဖြစ် ပြင်ဆင်လေ့ကျင့်ပေးနိုင်ရန် ရည်ရွယ်ပြီး ဤဘာသာရပ်ကို ထည့်သွင်းထားခြင်းဖြစ်သည်။ ကျောင်းသား[2] (သို့မဟုတ်) မူလတန်းဆရာလောင်းများသည် ဘာသာရပ်နှင့် ဆိုင်သောအခြေခံ ကျွမ်းကျင်မှုများ ကောင်းမွန်စွာရရှိစေရန် အတွက်မူလတန်း၊အလယ်တန်းအဆင့် နှင့် ကိုက်ညီသော စာပေစံများကို သင်ယူရမည်ဖြစ်ပြီး မူလတန်းကျောင်းသားများကို ထိရောက်စွာသင်ကြားနိုင်မည့် ဆရာများ ဖြစ်လာစေရန် ရည်ရွယ်ပါသည်။ (ပညာရေးဒီဂရီကောလိပ်သင်ရိုးညွှန်းတမ်း အညွှန်းဘောင်၊ ၂၀၁၈)

ထိုရည်ရွယ်ချက်များ ပြည့်မီစေရန်အတွက် ဤဘာသာရပ်တွင် ကျောင်းသားများကို ၎င်းတို့ သင်ကြားမည့် မူလတန်းကျောင်းသားများ၏ ဘက်စုံတိုးတက်မှုကို ကူညီဆောင်ရွက်ပေးနိုင်မည့် လိုအပ်သော စွမ်းရည်များ

[1] ဤ အင်္ဂလိပ်စာဘာသာရပ်အတွက် သင်ရိုးမာတိကာသည် ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်း အညွှန်းဘောင် (၂၀၁၈) ကို အခြေခံပြီး ၄-နှစ်သင် လုပ်ငန်းခွင်အကြို ပညာရေးဒီဂရီကောလိပ်၊ မူလတန်းသင်ကြားရေး အထူးပြုလမ်းကြောင်းကို ရွေးချယ်ထားသူများအတွက် ပြုစုရေးသားထားခြင်းဖြစ်သည်။

[2] ဤသင်ရိုးမာတိကာတွင် ဖော်ပြထားသော "ကျောင်းသား" သည် "ပညာရေးဒီဂရီကောလိပ်ကျောင်းသား" ကို ရည်ညွှန်းပါသည်။

တိုးတက်လာစေရန် ပံ့ပိုးပေးမည်ဖြစ်သည်။ ဤဘာသာရပ် သင်ယူပြီးမြောက်ပါက ကျောင်းသားများသည် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာ ဗဟုသုတများ၊ သင်ကြားသင်ယူမှု ဖြစ်စဉ်များ နှင့် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများ စသည့် ကျွမ်းကျင်မှုများ ရရှိမည် ဖြစ်သည်။ ထိုကျွမ်းကျင်မှုများသည် ၎င်းတို့၏ မူလတန်းကျောင်းသားများကို အင်္ဂလိပ်စာဘာသာရပ်အတွက် ချမှတ်ထားသော သင်ယူမှုဦးတည်ချက်များကို ပေါက်မြောက်အောင် သင်ကြားနိုင်ရန် ကူညီထောက်ပံ့ပေးမည်ဖြစ်သည်။

### *အင်္ဂလိပ်စာဘာသာရပ်တွင် ပညာရေးဒီဂရီကောလိပ်ကျောင်းသားများအတွက် ချမှတ်ထားသော သင်ယူမှုရလဒ်များ*

- အခြေခံပညာ သင်ရိုးညွှန်းတမ်း အညွှန်းဘောင် နှင့် သင်ယူမှု အရင်းအမြစ်များ နှင့် ကိုက်ညီသော အင်္ဂလိပ်စာ ဘာသာရပ်ကို ကောင်းစွာ နားလည်သဘောပေါက်ပြီး ထိုအကြောင်းအရာများကို ကျောင်းသားများ၏ကျွမ်းကျင်မှုများ အတန်းလိုက်ဖွံ့ဖြိုးတိုးတက်လာသည်နှင့် လျော်ညီစွာ အသုံးချတတ်စေရန်။
- အောက်ဖော်ပြပါ အင်္ဂလိပ်စာ ဘာသာရပ်၏ သင်ယူမှုရည်ရွယ်ချက်များ ပေါက်မြောက်စေရန် နှင့် ကျောင်းသားများ၏ သင်ယူမှုဖြစ်စဉ်များတွင် ထိရောက်စွာ ကူညီထောက်ပံ့ပေးနိုင်ရန် အတွက် အင်္ဂလိပ်စာကို လေ့ကျင့်သင်ကြားစဉ် ရရှိခဲ့သောကျွမ်းကျင်မှုများကို အသုံးချနိုင်ရန်။

### *အင်္ဂလိပ်စာဘာသာရပ်တွင် မူလတန်းကျောင်းသားများအတွက် ချမှတ်ထားသော သင်ယူမှု ဦးတည်ချက်များ*

- နိုင်ငံခြားဘာသာစကားများအပေါ် စိတ်ဝင်စားမှုများကို ရရှိရန်။
- အင်္ဂလိပ်စာဘာသာ၏ အပြောအဆို၊ အနားအကြား၊ အဖတ်အရွတ် နှင့် အရေးအသား စသည့် အခြေခံ ဘာသာစကားကျွမ်းကျင်မှု ၄ ရပ် တိုးတက်ရန်။
- အခြေခံ စကားလုံးများ နှင့် ဝါကျဖွဲ့စည်းပုံများကို သိမှတ်ရန် နှင့် အသုံးပြုရန်။
- ဘာသာစကားမှတစ်ဆင့် မတူညီသော ယဉ်ကျေးမှုများ ကို သင်ယူရာတွင် အကောင်းမြင်သော စိတ်နေသဘောထားများ ရရှိရန်။

### *အင်္ဂလိပ်စာဘာသာရပ်တွင် အလယ်တန်းကျောင်းသားများအတွက် ချမှတ်ထားသော သင်ယူမှု ဦးတည်ချက်များ*

- ကျောင်းသားများ မူလတန်းကျောင်းတွင် ရရှိခဲ့သော အင်္ဂလိပ်စာ၏ အခြေခံကို မြှင့်တင်ပေးရန်။

- ကျောင်းသားများ မူလတန်းကျောင်းတွင် ရရှိခဲ့သော အင်္ဂလိပ်စာ၏ အခြေခံ ဘာသာစကားကျွမ်းကျင်မှု ၄ ရပ်ကို ထပ်လောင်းတိုးတက်ရန်။
- ကျောင်းသားများ၏ စကားလုံးများနှင့် အသစ်သင်ကြားသိရှိမည့် စကားလုံးများ အသုံးပြုမှုကို ချဲ့ထွင်ရန် နှင့် မြှင့်တင်ပေးရန်။
- ကျောင်းသားများကိုသဒ္ဒါ နှင့် ဂါကျဖွဲ့စည်းပုံများ စသည့် အင်္ဂလိပ်စာဘာသာစကား၏ ကောင်းမွန်သော ဗဟုသုတကို ရရှိအောင် ပြင်ဆင်ပေးရန်။
- ဘာသာစကား ကျွမ်းကျင်မှုကို ခြုံငုံတိုးတက်စေရန် ရရှိထားသော ဘာသာစကားဆိုင်ရာ ကျွမ်းကျင်မှုများကို လေ့ကျင့်ရန်။
- အတန်းတွင်သင်ယူခဲ့သော အင်္ဂလိပ်စာ ဘာသာစကား ကျွမ်းကျင်မှုများကို လက်တွေ့ဘဝ အခြေအနေများတွင် အသုံးပြုရန်။

## ၂။ ဘာသာရပ် ဖော်ပြချက်

ဤဘာသာရပ်သည် မြန်မာနိုင်ငံ၏ အနာဂတ် နိုင်ငံသားကောင်းများ၊ လူ့ဘောင်အဖွဲ့အစည်းများကို ဖန်တီးမြှင့်တင်ပေးနိုင်သည့် အခြေခံပညာ သင်ရိုးညွှန်းတမ်း၏ တန်ဖိုးထားမှု နှင့် သဘောထားများကို နမူနာယူပြီး ကျောင်းသားများကို အင်္ဂလိပ်စာ ဘာသာရပ် သင်ကြားနိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုများကို မြှင့်တင်ပေးမည်ဖြစ်သည်။ အင်္ဂလိပ်စာကဲ့သို့သော နိုင်ငံခြား ဘာသာစကား၏ ဘာသာစကားကျွမ်းကျင်မှုများ တိုးတက်မှုကို နိုင်ငံတကာတွင် ယှဉ်ပြိုင်နိုင်သော လူပုဂ္ဂိုလ်များ ဖြစ်စေရန် ၂၁ ရာစုကျွမ်းကျင်မှုများ၏ မရှိမဖြစ်သော ကျွမ်းကျင်မှုတစ်ခု အဖြစ် သတ်မှတ်ထားသည်။ ဤအတန်းတွင် ကျောင်းသားများသည် နိုင်ငံခြားဘာသာစကား သင်ယူခြင်း၏ စနစ်တကျ ချဉ်းကပ်နည်းများကို နားလည်သဘောပေါက်မည် ဖြစ်ပြီး မိမိ၏ သင်ကြားရေး အလေ့အထတွင် ထိုအကြောင်းအရာများကို အသုံးချနိုင်မည် ဖြစ်သည်။ ဤအတန်းသည် ဆရာအတတ်သင် ဖွံ့ဖြိုးတိုးတက်မှု နှင့် အနာဂတ် လုပ်ငန်းခွင် ပြင်ဆင်မှု၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ကျောင်းသားများ၏ အင်္ဂလိပ်စာ ကျွမ်းကျင်မှု အဆင့်များကို တိုးတက်ရန် အလေးပေးမည် ဖြစ်သည်။ ဤအတန်း တွင် ဘာသာရပ်ဆိုင်ရာ အသေးစိတ် အကြောင်းအရာ ဗဟုသုတ၊ ဘာသာစကား ကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှု နည်းဗျူဟာများ၊ နှင့် စစ်ဆေးအကဲဖြတ်ခြင်း ချဉ်းကပ်နည်းများ ပါဝင်သည်။ သင်ယူစဉ် နှင့် သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်းများကို မျှတစွာ အသုံးပြုမည်။ ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်အရ ပထမနှစ် နှင့် ဒုတိယနှစ် တွင် ကျောင်းသားများကို အင်္ဂလိပ်စာ၏ အခြေခံဗဟုသုတများ နှင့် အင်္ဂလိပ်စာ ဘာသာသင်ကြားနိုင်ရန် အခြေခံ သင်ကြားနည်း အကြောင်းအရာ ဗဟုသုတများ တိုးတက်လာစေရန် ရည်ရွယ်ပါသည်။ တတိယနှစ် နှင့် စတုတ္ထနှစ် တွင် ကျောင်းသားများသည် အင်္ဂလိပ်စာ ဘာသာရပ် အကြောင်းအရာဗဟုသုတများကို

ပိုမိုနက်နက်နဲနဲ သိရှိရန် နှင့် မူလတန်း အင်္ဂလိပ်စာ၏ သင်ရိုးညွှန်းတမ်းများ၊ သင်ကြားနည်းများနှင့် စစ်ဆေးအကဲဖြတ်မှုများကို စနစ်တကျ နားလည်သဘောပေါက်ရန် ရည်ရွယ်ပါသည်။

## ၃။ သင်ကြားမှု နည်းလမ်းများ

ဤအတန်းသည် ကျောင်းသားများကို အပြောအဆို၊ အရေးအသား၊ အနာအကြား၊အဖတ်အရွတ် စသည့် အခြေခံဘာသာစကား အခြေခံ ကျွမ်းကျင်မှု ၄ ရပ်ကို လေ့ကျင့်ရန်အတွက် အခွင့်အလမ်းများပေးမည် ဖြစ်သည်။ မြင်ရ ကြားရ သော အသံဖိုင်များကို အသုံးပြုပြီး ကျောင်းသားများသည် မိမိတို့၏ နားထောင်ခြင်း သာမက အသံထွက် မှန်ကန်အောင် ထွက်ဆိုခြင်း နှင့် အပြောစွမ်းရည်များ တိုးတက်လာမည် ဖြစ်သည်။ ကျောင်းသားများသည် မေးခွန်းမေးခြင်း၊ အစိတ်အပိုင်းများကို ဆက်စပ် ပေါင်းစပ်ခြင်း နည်းလမ်း၊ အကြောင်းအရာများကို ဖလှယ်ခြင်း၊ အုပ်စုဆွေးနွေးခြင်း၊ ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ခြင်း၊ သရုပ်ပြသင်ကြားခြင်း၊ အချင်းချင်းအုပ်စုဖွဲ့ သင်ကြားခြင်း၊ ဗီဒီယို တင်ပြခြင်း၊ ဉာဏ်ဖွင့်ဆွေးနွေးခြင်း၊ ပြဿနာ ဖြေရှင်းခြင်း စသည့် သင်နည်းဗျူဟာ အမျိုးမျိုးဖြင့် သင်ယူရမည် ဖြစ်ပြီး ထိုသင်နည်းများကို မိမိတို့ပြန်လည်သင်ကြားမည့် စာသင်ခန်းတွင် အသုံးချနိုင်မည် ဖြစ်သည်။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းနှင့် သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်းများကို သင်ကြားသင်ယူမှုလုပ်ငန်းစဉ်အတွင်း သင်ယူနေစဉ် နှင့် သင်ယူပြီးကာလတွင် အသုံးပြုမည် ဖြစ်သည်။ တစ်ဦးချင်း ( သို့) အုပ်စုလိုက် သံပြိုင်သီဆိုခြင်း၊ အချင်းချင်း အုပ်စုဖွဲ့ သင်ကြားခြင်း၊ သရုပ်ဖော် သင်ယူခြင်း၊ စကားဝိုင်းဖြင့် ဆွေးနွေးခြင်း၊ လက်တန်း ပြောကြားခြင်း၊ ဘာသာစကား ကစားနည်းများ၊ ဆွေးနွေးမှုများ၊ ပုံပြောခြင်း၊ ဖတ်ရှုမျှဝေခြင်း၊ မှတ်တမ်းရေးသားခြင်း၊ အပြုသဘောဆောင်သော တုံ့ပြန်မှုများ စသည့် အချက်များဖြင့် အသုံးပြုဆောင်ရွက်သွားမည်ဖြစ်သည်။

## ၄။ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်[3]

ဤအပိုင်းတွင် မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်ဝင်စ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် မူကြမ်းမှ အင်္ဂလိပ်စာဘာသာရပ်နှင့် ကိုက်ညီသော အဓိက တတ်ကျွမ်းမှုများကို ဖော်ပြထားခြင်း ဖြစ်သည်။ ကျောင်းသားများ သိရှိထားသင့်သည့် ယေဘုယျ အကြောင်းအရာများ နှင့် ဤအတန်းပြီးဆုံးပါက အဆင်သင့်ဖြစ်သော ဆရာများ ဖြစ်လာစေနိုင်သည့် အကြောင်းအရာများကို ဤတတ်ကျွမ်းမှုစံသတ်မှတ်ချက်များမှ လမ်းညွှန်ပေးမည် ဖြစ်သည်။

အင်္ဂလိပ်စာ ဘာသာရပ်တွင် ကျောင်းသားများသည် **"ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်"**၏ နယ်ပယ် ၄ ခု စလုံးတွင် ဖော်ပြထားသော တတ်ကျွမ်းမှုများကိုသင်ယူရရှိကြောင်း ပြသရမည် ဖြစ်သည်။ ၎င်းနယ်ပယ်များမှာ -

- ပညာရပ်နယ်ပယ် (က) ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘောပေါက်မှု
- ပညာရပ်နယ်ပယ် (ခ) ဆရာအတတ်ပညာဆိုင်ရာကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ
- ပညာရပ်နယ်ပယ် (ဂ) ဆရာအတတ်ပညာဆိုင်ရာ တန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ
- ပညာရပ်နယ်ပယ် (ဃ) ဆရာအတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု

[3] ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF)၊ လုပ်ငန်းခွင်ဝင်စဆရာများအတွက်၊ မူကြမ်း ၃.၂၊ စာမျက်နှာ ၅၂ - ၆၂

အောက်ဖော်ပြပါ ယေဘုယျတတ်ကျွမ်းမှုစံသတ်မှတ်ချက်များသည် အင်္ဂလိပ်စာဘာသာရပ်၏ အခန်းများ(strands)တွင်ပါရှိသည့် မျှော်မှန်းထားသောသင်ယူမှုရလဒ်များ နှင့် ချိတ်ဆက်ထားခြင်းဖြစ်သည်။

| တတ်ကျွမ်းမှုစံ | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(က-၁) ကျောင်းသားများ မည်သို့သင်ယူသည်ကို သိသည်။** | (က)(၁.၁) ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာမည်သို့သင်ယူကြသည်ဆိုသည်ကို နားလည်သဘောပေါက်ကြောင်းပြသသည်။ | (က)(၁.၁.၁)ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှု ဆိုင်ရာဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည် သူတို့၏သင်ယူမှုအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိကြောင်း ဥပမာဖြင့်ဖော်ပြ သည်။<br>(က)(၁.၁.၂) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုး မှု၊ ဘာသာစကားဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊စိတ်လှုပ်ရှားခံစားမှုဆိုင် ဖွံ့ဖြိုးမှုများအရ သင်ယူမှု လုပ်ငန်းများကို ပြင်ဆင်သည်။ |
| | (က)(၁.၂) ကျောင်းသားများ၏ တစ်ဦးချင်း သင်ယူမှုလိုအပ်ချက်နှင့်ကိုက်ညီမည့် သင်ကြားနည်းအမျိုးမျိုးကို နားလည်သဘော ပေါက်ကြောင်းပြသသည်။ | (က)(၁.၂.၁)ပိုမိုကောင်းမွန်စွာသင်ယူနိုင်ရေးအတွက်အ ထူး သင်ယူမှု လိုအပ်ချက်ရှိသောသင်ယူသူများ အပါအဝင် နောက်ခံအကြောင်း အရာ အမျိုးမျိုး (ကျား၊မ၊တိုင်းရင်းသား မျိုးနွယ်စု၊ ယဉ်ကျေးမှု)နှင့် စွမ်းရည်အမျိုးမျိုးရှိသော ကျောင်းသားများအား ပံ့ပိုးကူညီနိုင်မည့် သင်နည်းအမျိုးမျိုးကို ဖော်ထုတ်သတ်မှတ်သည်။<br>(က)(၁.၂.၂) ကျောင်းသားများ၏ ရှိပြီးအသိပညာ၊ အတွေ့အကြုံများကို အယူအဆသစ်များနှင့် ချိတ်ဆက်ဖို့ အထောက်အကူပြုနိုင်ရန် ထိထိမိမိ အလေးထားပြီး ရှေ့နောက်အစီအစဉ်တကျ ဆောင်ရွက်ထားသည့် သင်ယူမှုလုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်သည်။ |

| | | |
|---|---|---|
| **(က-၂)ရရှိအသုံးပြုနိုင်မည့် ပညာရေး ဆိုင်ရာနည်းပညာများကို သိသည်။** | (က)(၂.၁) သင်ကြားသင်ယူမှု ဆိုင်ရာနည်းဗျူဟာအမျိုးမျိုးနှင့်ရင်း မြစ်အမျိုးမျိုးကို ဆီလျော်စွာအသုံးပြု နိုင်မှုအား နားလည်သဘော ပေါက်ကြောင်း ပြသသည်။ | (က)(၂.၁.၁) ကျောင်းသားများ အချင်းချင်းအပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာ ဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှုအတွေ့အကြုံများ ကို ပြင်ဆင် ဆောင်ရွက်သည်။<br>(က)(၂.၁.၂) ကျောင်းသားများသင်ယူမှုတွင် အထောက် အကူပြုရန် ကျောင်းသုံးစာအုပ်များတွင် ဖော်ပြထားသည့် သင်ကြားနည်းများ၊ နည်းဗျူဟာများ၊ သင်ကြားသင်ယူမှု အထောက်အကူ ပစ္စည်းများနှင့် ကုန်ကျစရိတ်နည်းသည့် ထပ်ဆောင်းပစ္စည်းများကို အသုံးပြုသည်။ |
| | (က)(၂.၂) သင်ကြား သင်ယူမှုတွင် သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာ(ICT)ကို သင့်လျော်စွာ အသုံးပြုနိုင်မှုကို နားလည်ကြောင်း ပြသသည်။ | (က) (၂.၂.၁) သင်ကြားသင်ယူမှုဖြစ်စဉ်ကို အထောက်အကူပြုရန် online မှဖြစ်စေ၊ offline မှဖြစ်စေ ရရှိသော ပညာရေးဆိုင်ရာ နည်းကိရိယာများနှင့် ပစ္စည်းများ၏ လုပ်ဆောင်မှုနှင့် ရည်ရွယ်ချက်ကို ဖော်ပြသည်။<br>(က) (၂.၂.၂) ရရှိနိုင်သော online နှင့် offline တွင်ရှိနေသော ICT နှင့်ပတ်သက်သော နည်းကိရိယာများနှင့် ပစ္စည်းများကို သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများ၊ သင်ကြားမှု နည်းဗျူဟာများ (online နှင့် offline ICTs များအပါအဝင်) နှင့်နှိုင်းယှဉ် သုံးသပ်အကဲဖြတ်သည်။ |
| **(က-၃) ကျောင်းသားများနှင့် ၎င်းတို့၏မိသားစုများကို မည်ကဲ့သို့ဆက်ဆံ** | (က)(၃.၂) ကျောင်းသားများနှင့် ၎င်းတို့ရပ်ရွာဒေသ၏ လူမှုရေး၊ဘာသာစကား၊ ယဉ်ကျေးမှုမတူကွဲပြားခြားနားမှုများကို | (က)(၃.၂.၁) စာသင်ခန်းအတွင်း လုပ်ငန်းများတွင် ကျောင်းသားများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုအတွက် အားလုံးပါဝင်သည့် ဆက်သွယ်မှု |

| | | |
|---|---|---|
| **ရမည်ကို သိသည်။** | လေးစားတန်ဖိုးထားကြောင်းပြ သသည်။ | (inclusive communication) ကို အထောက်အကူပြုသည့် ဥပမာများပေး၍ ဖော်ပြသည်။<br>(က) (၃.၂.၂) မိဘများ၊ ရပ်ရွာ အဖွဲ့အစည်းများမှ လူကြီးများ၊ ခေါင်းဆောင်များ နှင့် အပြန်အလှန် ပြောဆိုဆက်ဆံသောအခါ ၎င်းတို့ ၏လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု နောက်ခံအခြေအနေများကို သတိပြု၍ ဆက်ဆံသည်။ |
| **(က-၄) သင်ရိုးညွှန်းတမ်း အကြောင်းသိသည်။** | (က)(၄.၁)<br>အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့်သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထား သော သင်ယူမှုရလဒ်များကိုနားလည် သဘောပေါက်ကြောင်းပြသသည်။ | (က)(၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော မူလတန်း သင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။<br>(က)(၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား၊သင်ယူမှု လုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများပါဝင်သော သင်ပြမှုပုံစံများကိုပြင်ဆင်ရေးဆွဲသည်။<br>(က)(၄.၁.၃) မူလတန်းသင်ရိုးညွှန်းတမ်း၏ စစ်ဆေး အကဲဖြတ်ခြင်းဆိုင်ရာ မူများကိုဖော်ပြသည်။ |
| **(က-၅) ဘာသာရပ် အကြောင်းအရာကိုသိ သည်။** | (က)(၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က)(၅.၁.၁) အတန်းအဆင့်များ အလိုက်သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။<br>(က)(၅.၁.၂) ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများနှင့် ကျွမ်းကျင်မှုများ သင်ယူမှုကို အထောက်အပံ့ပြုနိုင်ရန် တိကျမှန်ကန်ဆီလျော်သော |

| | | |
|---|---|---|
| | | သတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်း များကို သင်ခန်းစာများတွင် ထည့်သွင်းသည်။<br>(က)(၅.၁.၃) အတန်းအဆင့် အလိုက် သင်ကြားရမည့် စာတတ်မြောက်မှု၊ အခြေခံသင်္ချာတတ်မြောက်မှု၊ သိပ္ပံနှင့် လူမှုရေး ဘာသာရပ်များ၏ အဓိကနယ်ပယ်များတွင် သင်ယူမှုတိုးတက် မြင့်မားစေရန် အသုံးပြုထားသော၊ လက်တွေ့ဘဝနှင့် ဆက်စပ်သော ချဉ်းကပ်နည်းများ ကိုဖော်ပြသည်။ |
| **(ခ-၁) သင်ကြားမှုနည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု၍သင်ရိုး ညွှန်းတမ်း အကြောင်းအရာ ကိုသင်ကြားသည်။** | (ခ)(၁.၁)ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာ များကို ရှင်းလင်းစွာနှင့် ကလေးများကိုယ်ရော စိတ်ပါ ပါဝင်ဆောင်ရွက်မှု ရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသည်။ | (ခ)(၁.၁.၁) ရည်မှန်းထားသည့် သင်ယူမှုရလဒ်များနှင့် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများကို ရှင်းရှင်းလင်းလင်း ရှင်းပြသည်။<br>(ခ)(၁.၁.၂) ကျောင်းသားများ၏ ယခင်ရှိပြီး အသိပညာ၊ စိတ်ဝင်စားမှု၊ နေ့စဉ်ဘဝ၊ ဒေသလိုအပ်ချက်များ နှင့် ချိတ်ဆက် နိုင်မည့် သင်ကြားရေးဆိုင်ရာ အထောက်အကူ ပစ္စည်းများကို ရွေးချယ်သည်။<br>(ခ)(၁.၁.၃) နားလည်မှုအသစ် တည်ဆောက်နိုင်ရန် ကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင်အတွေး အခေါ်များကို သတိပြုမိရန် အားပေးသည်။ |
| | (ခ) (၁.၂) သင်ကြားသင်ယူမှု တွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြုသင်ကြား နိုင်စွမ်းရှိကြောင်းပြသည်။ | (ခ)(၁.၂.၁) အတန်းတွင်းအခြေအနေ ၊ အတန်းအရွယ်အစား၊ အတန်းအမျိုးအစားတို့အတွက် သင့်လျော်ကိုက်ညီသော သင်ကြားနည်းများ၊ သင်ယူမှုနည်းဗျူဟာများကို အသုံးပြုသည်။<br>(ခ)(၁.၂.၂)ဘာသာရပ် နယ်ပယ်အသီးသီးတွင် ကျောင်းသားများသင်ယူမှုကို အထောက်အကူပြုစေမည့် အရေးအဖတ်နှင့်အခြေခံအတွက်အချက်ကို တတ်မြောက်စေမည့် |

| | | |
|---|---|---|
| | | သင်ကြားနည်း နည်းဗျူဟာများဆိုင်ရာအသိပညာများကို အသုံးပြုသည်။<br>(ခ)(၁.၂.၃) ကျောင်းသားများ အတွက် လက်တွေ့လုပ်ငန်း များမှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ ဆက်စပ်နေသော အကြောင်းအရာ၊ အသိသညာများကို စူးစမ်းရှာဖွေ နိုင်သည့် အခွင့်အလမ်းများဖန်တီးပေးသည်။ |
| | (ခ)(၁.၃) ကျောင်းသားများ ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံတို့နှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲ ပြင်ဆင်နိုင်ကြောင်းပြသည်။ | (ခ)(၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်းပြင်ဆင်သည်။<br>(ခ)(၁.၃.၂) ကျောင်းသားများ သင်ယူမှုတွင် စိတ်ဝင်စား မှုရှိရန်၊ ၄င်းတို့၏ သင်ယူလို စိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီးသော အကြောင်းအရာများကို သင်ယူမှု အသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်းပျိုးပေးသည်။<br>(ခ)(၁.၃.၃) ကျောင်းသားများ၏ စိတ်ဝင်စားမှုများ၊ အတွေ့ အကြုံများကို တုံ့ပြန်ပေးနိုင်ပြီး၊ သင်ယူမှုနယ်ပယ် များကို ပေါင်းစပ်မှုရှိသည့် အစီအစဉ်တကျရှိသော၊ ထိထိမိမိအလေးထားသော သင်ယူမှု အတွေ့အကြုံများကို ကြိုတင်ပြင်ဆင်သည်။<br>(ခ)(၁.၃.၄) သင်ယူရမည့် အသိသညာများကို နိဒါန်းပျိုး သရုပ်ဖော်နိုင်ရန် မေးခွန်းမေးနည်းများနှင့် မြင်သာသည့် ဥပမာများကို အသုံးပြုသည်။ |
| **(ခ-၂) ကျောင်းသားများ၏ သင်ယူမှုကိုစစ်ဆေး** | (ခ)(၂.၁) ကျောင်းသားများ၏ သင်ယူမှုကို လေ့လာကြီးကြပ် | **(ခ) (၂.၁.၁)ကျောင်းသားများ၏ သင်ယူမှုရလဒ်များကို ပေါက်မြောက် အောင်မြင်ရန် အထောက်အကူ ပေးရန်အတွက်** |

| | | |
|---|---|---|
| **အကဲဖြတ်ခြင်း၊ လေ့လာကြီးကြပ်ခြင်း နှင့် အစီရင်ခံခြင်း** | တည့်မတ်ပေးရန်နှင့်စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။ | **သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခု အနေဖြင့် စစ်ဆေးအကဲဖြတ်နည်းများကို သုံးသည်။**<br>**(ခ) (၂.၁.၂) သင်ခန်းစာများ ပြင်ဆင်ရန် စစ်ဆေး အကဲဖြတ်ခြင်းမှရရှိလာသော သတင်းအချက်အလက်များ ကို အသုံးပြုသည်။**<br>**(ခ) (၂.၁.၃) ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးနိုင်သည့်၊သုံးသပ်အကြံပြုချက်များ ပေးနိုင်သည့် မေးခွန်းမေးနည်းနှင့် ဆွေးနွေးနည်းများကို အသုံးပြုသည်။** |
| | (ခ)(၂.၂) စစ်ဆေးအကဲဖြတ်မှု မှတ်တမ်း (အသေးစိတ်) ထားရှိပြီး၊ ထိုစစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက်အလက်များကို ကျောင်းသားများ သင်ယူမှု တိုးတက်ရေးအတွက် လမ်းညွှန် သဖွယ် အသုံးပြုနိုင်ကြောင်းပြသည်။ | (ခ)(၂.၂.၁) ကျောင်းသားများ၏သင်ယူဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို တိကျမှန်ကန်စွာ မှတ်တမ်းထားသည်။<br>(ခ)(၂.၂.၂) ကျောင်းသားများ၏သင်ယူတိုးတက်မှုကို လေ့လာ ကြီးကြပ်တည့်မတ် ပေးနိုင်ရန်၊ မှတ်တမ်းထား နိုင်ရန်၊ သင်ရိုးညွှန်းတမ်း ရေးဆွဲရေး အစီအစဉ်များ နှင့်ပတ်သက်၍ သတင်းအချက်အလက်များ ပေးနိုင်ရန် အမျိုးမျိုးသော စစ်ဆေး အကဲဖြတ်ခြင်းဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများကို အသုံးပြုသည်။<br>(ခ)(၂.၂.၃) ကျောင်းသားများ၏ သင်ယူမှု၊ တိုးတက်မှု အခြေအနေများနှင့်ပေါက်မြောက်အောင်မြင်မှုများကို မိဘများ၊ အခြားပညာပေးသူများနှင့် ဆက်သွယ်ပြောဆိုသည်။ |
| **(ဂ-၃) ကျောင်းသားအားလုံး ပညာရေး အရည်အသွေး မြင့်မားစေရန် နှင့် ပညာသင်ယူခွင့်** | (ဂ)(၃-၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကို လေးစားပြီး ကျောင်းသားအားလုံး မိမိတို့၏စွမ်းရည်အလိုက် သင်ယူနိုင် | (ဂ)(၃.၂.၁) သင်ခန်းစာအကြောင်းအရာများ၊ သင်ယူမှု လုပ်ငန်းများတွင် ကျောင်းသားများ အားလုံးပါဝင် ခွင့်ရရှိရန်၊ ဆရာနှင့် အပြန်အလှန် ပြောဆိုဆက်သွယ်ခွင့်ရရှိရန် စာသင်ခန်းကို ဖွဲ့စည်းသည်။ |

| | | |
|---|---|---|
| **မျှတမှုရှိ စေရန်<br>မြှင့်တင်ဆောင်ရွက်သည်။** | သည် ဟူသောယုံကြည်မှု<br>သဘောထားကို ဖော်ပြသည်။ | |
| | (ဂ)(၃-၃) ကျောင်းသားများ၏<br>ကွဲပြားခြားနားသော ယဉ်ကျေးမှု<br>ဓလေ့ထုံးစံများနှင့် ကမ္ဘာ့နိုင်ငံသား<br>ဖြစ်မှုအကြောင်းအရာများကို<br>နားလည်နိုင်ရန်<br>အတွက် ပြုစုပျိုးထောင်ပေးနိုင်စွ<br>မ်းရှိကြောင်းပြသည်။ | (ဂ)(၃.၃.၁) ရေရှည် တည်တံ့မှု၊  တန်းတူညီမျှမှု၊<br>တရားမျှတမှု၊ကျောင်းသားများ၏ အခွင့်အရေးများ၊ တာဝန်များ<br>နှင့်ပတ်သက်သည့် အယူအဆများကို<br>စာသင်ခန်း၊ကျောင်းအခြေပြု<br>လုပ်ငန်းများတွင် ပေါင်းစပ် ဆောင်ရွက်နိုင်သည်။ |
| **(ဃ-၁)  မိမိ၏<br>သင်ကြားရေး<br>လက်တွေ့ဆောင်ရွက်<br>များကို ပြန်လည်ထင်ဟပ်<br>သုံးသပ်သည်။** | (ဃ) (၁.၁)မိမိ၏လက်တွေ့သင်ကြား<br>မှုနှင့် ကျောင်းသားများ၏ သင်ယူမှု<br>အပေါ် ယင်းတို့၏<br>အကျိုးသက်ရောက်ပုံကို<br>ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။ | (ဃ)(၁.၁.၂)<br>လက်တွေ့သင်ကြားမှုလုပ်ငန်းနှင့် ကျောင်းသားများ၏<br>သင်ယူမှုတိုး တက်မြင့်မားစေရန် ရင်းမြစ်အမျိုးမျိုးမှ<br>ရရှိသောသတင်း အချက်အလက် များကို အသုံးပြုသည်။<br>(ဃ)(၁.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိတို့၏<br>ဆရာအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ရေးအတွက်<br>နယ်ပယ်များ ဖော်ထုတ်နိုင်ရန် အတွေ့အကြုံများ၊<br>လုပ်ငန်းဆောင်ရွက်မှုများကို ပုံမှန်ထင်ဟပ်သုံးသပ်သည်။ |
| **(ဃ-၂)<br>သင်ကြားရေးလက်တွေ့<br>ကျင့်သုံးမှုများ<br>တိုးတက်မြင့်မားရေး<br>အတွက် လုပ်ဖော်ကိုင်ဖက်** | (ဃ)(၂.၁) အခြားဆရာများထံမှ<br>သင်ယူခြင်းဖြင့်လည်းကောင်း၊<br>သင်ကြားရေး အတတ်ပညာဆိုင်ရာ<br>စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး<br>အခွင့်အလမ်းများအားဖြင့် | (ဃ)(၂.၁.၁)   လေ့လာကြီးကြပ်သူများ၊ လုပ်ဖော်ကိုင်ဖက်<br>များနှင့် လက်တွေ့သင်ကြားမှုများကို ဆွေးနွေးသည်။<br>အပြုသဘောဆောင်သော သုံးသပ်အကြံပြုချက်များကို<br>စိတ်ဆန္ဒထက်သန်စွာဖြင့် လက်ခံရယူသည်။<br>(ဃ)(၂.၁.၂)  လက်တွေ့ဆောင်ရွက်မှုများ<br>တိုးတက် ကောင်းမွန်လာစေရန် ဖော်ထုတ်သတ်မှတ်ထားသော |

| | | |
|---|---|---|
| **များနှင့် ပူးပေါင်းဆောင်ရွက်သည်။** | လည်းကောင်း၊ မိမိ၏လက်တွေ့ သင်ကြားမှုများကိုတိုးတက်စေသည်။ | ရည်မှန်းချက်ပန်းတိုင်များနှင့် သက်ဆိုင်သည့် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်သည်။<br>(ဃ)(၂.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိ၏ ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရည်မှန်း ချက်ချမှတ်ဆောင်ရွက်သည်။<br>(ဃ)(၂.၁.၄) အသိအမှတ်ပြုထားသော ဆရာအတတ် ပညာအဖွဲ့ အစည်းများနှင့် ကျောင်းအုပ်စုများက ဆောင်ရွက်သည့် ဆရာ အတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်သည်။ |
| **(ဃ-၃) သင်ကြားရေးလက်တွေ့ဆောင်ရွက်မှုများ တိုးတက်မြင့်မားရေး အတွက် လုပ်ငန်းအတတ်ပညာဆိုင်ရာ သင်ယူလေ့လာမှုများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သည်။** | (ဃ)(၃.၁) လက်တွေ့သင်ကြားမှု လုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှုနှင့် သုတေသန အခြေပြု သင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘော ပေါက်ကြောင်း ပြသည်။ | (ဃ)(၃.၁.၁) မိမိ၏ လက်တွေ့သင်ကြားမှုများ တိုးတက်ကောင်းမွန်စေရန်ဆီလျော်သင့်တော်သည့် ဆရာ့လုပ်ငန်းအတတ်ပညာဆိုင်ရာ သင်ယူမှုပစ္စည်းများကို သတ်မှတ်ဖော်ထုတ်သည်။<br>(ဃ)(၃.၁.၂) အကြောင်းအရာဆိုင်ရာဗဟုသုတအချက် အလက် များနှင့် မိမိ၏လက်တွေ့သင်ကြားမှုများ တိုးတက်ကောင်းမွန်စေရန် မူလတန်းပညာရေးနှင့် သင်ကြားရမည့် သီးသန့်ဘာသာရပ်များအတွက် လက်ရှိရေ့ရှုရာ လမ်းကြောင်းများ၊ သုတေသနအခြေပြု လက်တွေ့ဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် online (သို့) offline သတင်းအချက်အလက်များကို ရှာဖွေရယူ ခွဲခြမ်းစိတ်ဖြာသည်။ |

## ၅။ နှစ်အလိုက် ဘာသာရပ်အကြောင်းအရာများ နှင့် နယ်ပယ်များ[4]

ဤအပိုင်းတွင် ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်း အညွှန်းဘောင် (၂၀၁၈) မှ မော်ဂျူး (၂-၁) အခြေခံပညာ သင်ရိုးညွှန်းတမ်းကို သင်ကြားခြင်း နှင့် မော်ဂျူး (၂-၂) သင်ကြားမှုအား ကျွမ်းကျင်ခြင်း တွင် ဖော်ပြထားသော လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် အစီအစဉ်၏ မူလတန်းသင်ကြားရေးအထူးပြုလမ်းကြောင်းကို ရွေးချယ်သူများအတွက် အင်္ဂလိပ်စာဘာသာရပ်တွင် သင်ကြားရမည့် အကြောင်းအရာများ နှင့် ကျွမ်းကျင်မှုများကို ခြုံငုံပြီး ဖော်ပြထားခြင်း ဖြစ်သည်။

| အခန်းများ (Strands) | အခန်းငယ်များ (Sub-strands) | မော်ဂျူး (၂-၁) အခြေခံပညာ သင်ရိုးညွှန်းတမ်းအား သင်ကြားခြင်း | | မော်ဂျူး (၂-၂) သင်ကြားရေး ကျွမ်းကျင်ခြင်း | |
|---|---|---|---|---|---|
| | | အခြေခံ စာသင်နှစ်များ | | မူလတန်းသင်ကြားရေး အထူးပြု | |
| | | ပထမနှစ် | ဒုတိယနှစ် | ပထမနှစ် | ဒုတိယနှစ် |
| | | ***မူလတန်း*** *ကျောင်းအဆင့်တွင် သင်ကြားနိုင်ရန် သင်ယူခြင်း* | ***အလယ်တန်း*** *ကျောင်းအဆင့်တွင် သင်ကြားနိုင်ရန် သင်ယူခြင်း* | *မူလတန်း နှင့် အလယ်တန်းအဆင့် နှင့် ကိုက်ညီသော စာပေစံများပါဝင်သည့်* ***မူလတန်းကျောင်း****အဆင့် သင်ကြားရေး အထူးပြု* | |
| | | ကျောင်းသားများသည် အောက်ဖော်ပြပါ တို့ ကို ဆောင်ရွက်နိုင်ရန် မျှော်မှန်းပါသည်။ | ကျောင်းသားများသည် အောက်ဖော်ပြပါ တို့ ကို ဆောင်ရွက်နိုင်ရန် မျှော်မှန်းပါသည်။ | ကျောင်းသားများသည် အောက်ဖော်ပြပါ တို့ ကို ဆောင်ရွက်နိုင်ရန် မျှော်မှန်းပါသည်။ | ကျောင်းသားများသည် အောက်ဖော်ပြပါ တို့ ကို ဆောင်ရွက်နိုင်ရန် မျှော်မှန်းပါသည်။ |

[4] ဒုတိယနှစ်မှ စတုတ္ထနှစ်အထိ သင်ယူမှုရလဒ်များသည် အတည်ပြုထားခြင်းမရှိသေးပဲ ဆက်လက်လုပ်ဆောင်ရန် ကျန်ရှိပါသေးသည်။

| | | | | | |
|---|---|---|---|---|---|
| အင်္ဂလိပ်စာ ဘာသာ အား မိတ်ဆက် ခြင်း | ဘာသာရပ် အား ခြုံငုံခြင်း | • ပညာရေးဒီဂရီ ကောလိပ် ပထမနှစ် အင်္ဂလိပ်စာဘာသာ တွင် သင်ကြားမည့် ဘာသာရပ် ဖွဲ့စည်းပုံကို ခြုံ ငုံဖော်ပြနိုင်ရန်။ | • ပညာရေးဒီဂရီ ကောလိပ် ဒုတိယနှစ် အင်္ဂလိပ်စာဘာသာတွင် သင်ကြားမည့် ဘာသာရပ် ဖွဲ့စည်းပုံ နှင့် ရည်ရွယ်ချက်များကို ခြုံငုံဖော်ပြနိုင်ရန်။ | • ပညာရေးဒီဂရီ ကောလိပ် လေး နှစ်တာကာလ အင်္ဂလိပ်စာဘာသာ တွင် သင်ကြားမည့် ဘာသာရပ် ဖွဲ့စည်းပုံ၏ ဖွံ့ဖြိုးတိုးတက်မှု နှင့် ရည်ရွယ်ချက်များကို အသုံးချနိုင်ရန်။ | • ပညာရေးဒီဂရီ ကောလိပ် လေး နှစ်တာကာလ အင်္ဂလိပ်စာဘာသာ သင်ကြားခြင်း၏ ရည်ရွယ်ချက်များ နှင့် တန်ဖိုးထားမှုများကို အကဲဖြတ်နိုင်ရန်။ |
| | အခြေခံ ပညာရေး သင်ရိုးညွှန်း တမ်း ၏ အင်္ဂလိပ်စာ ဘာသာ | • အင်္ဂလိပ်စာ ဘာသာ သင်ကြားသင်ယူမှု၏ အရေးပါမှု နှင့် တန်ဖိုးရှိမှု ကို ရှင်းပြနိုင်ရန်။<br>• မိမိအတွက်၊ မြန်မာနိုင်ငံ အတွက် နှင့် နိုင်ငံတကာ အတွက် အင်္ဂလိပ်စာ ၏ အရေးပါမှုကို နားလည်ရန်။ | • အလယ်တန်း အဆင့်အတွက် အင်္ဂလိပ်စာ သင်ရိုး၏ ရည်ရွယ်ချက်များကို ရှင်းပြနိုင်ရန်။<br>• ဆဋ္ဌမတန်းမှ နဝမတန်းအထိ သင်ရိုးဖွဲ့စည်းပုံကို ရှင်းပြနိုင်ရန်။<br>• ဆရာလမ်းညွှန်ကို အသုံးပြုပြီး အလယ်တန်း | • ကလေးများ ဖွံ့ဖြိုးမှု ရှုထောင့်မှ နေပြီး မူလတန်းကျောင်း များတွင် သင်ကြားမည့် တတ်ကျွမ်းမှုများ နှင့် အကြောင်း အရာများကို အကျိုးသင့် အကြောင်းသင့် ရှင်းပြနိုင်ရန်။ | • မူလတန်းကျောင်း များ တွင် သင်ယူမှုရလဒ်များ ပေါက်မြောက်စေ ရန် ဆောင်ရွက်ရာ၌ အချိန် အနည်းငယ်မျှသာ ရှိပါက သင်ကြားမည့် သင်ယူမှုလုပ်ငန်းများ နှင့် အကြောင်းအရာများ ကို ဦးစားပေး |

| | | | | | |
|---|---|---|---|---|---|
| | | • မူလတန်း အင်္ဂလိပ်စာ သင်ရိုး၏ ရည်ရွယ်ချက်များကို ရှင်းပြနိုင်ရန်။<br>• ပထမတန်းမှ ပဉ္စမတန်း အထိ သင်ရိုးဖွဲ့စည်းပုံကို ရှင်းပြနိုင်ရန်။<br>• မိမိငယ်စဉ်က ကျောင်းတွင် သင်ယူခဲ့သော အင်္ဂလိပ်စာ ဘာသာရပ် အကြောင်းအရာ နှင့် ၂၀၁၆ မူလတန်း သင်ရိုးညွှန်းတမ်း သစ်ကို နှိုင်းယှဉ်ရန်။<br>• မူလတန်းပြဋ္ဌာန်း စာအုပ်၏ သင်ခန်းစာ အမျိုးမျိုး နှင့် သင်ခန်းစာ တစ်ခုစီကို မည်သို့ | အင်္ဂလိပ်စာ ကျောင်းသုံးစာအုပ် ၏ အခန်းများကို မည်သို့သင်ကြားရမည်ကို ဥပမာများဖြင့် ဖော်ပြနိုင်ရန်။ | | ရွေးချယ်သတ်မှတ်နိုင်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| | | ဖွဲ့စည်းထားသည်ကို ခွဲခြားသတ်မှတ် နိုင်ရန်။ | | | |
| ဘာသာစကား နှင့် ဘာသာစကား သင်ကြားခြင်း အကြောင်း ဗဟုသုတ | ဘာသာစကား နှင့် ဘာသာစကား သင်ယူခြင်း၏သဘော သဘာဝ | • မူလတန်းကျောင်း အဆင့်တွင် ဘာသာစကားဆိုသည်မှာ အဘယ်နည်း နှင့် ဘာသာစကား သင်ယူခြင်း သည်မည်ကဲ့သို့ဖြစ်သည်ကို ရှင်းပြနိုင်ရန်။<br>• မူလတန်းကျောင်း အဆင့်တွင် ဒုတိယ ဘာသာစကား ဆိုသည်မှာ အဘယ်နည်း နှင့် ဒုတိယဘာသာစကား သင်ယူခြင်းဖြစ်စဉ်ကို ဆွေးနွေးရန်။ | • အလယ်တန်း ကျောင်းများတွင် ဘာသာစကားဆိုသည်မှာ အဘယ်နည်း နှင့် ဘာသာစကား သင်ကြားခြင်း သည် မည်ကဲ့သို့ ဖြစ်ပေါ်သည်ကို ရှင်းပြနိုင်ရန်။<br>• အလယ်တန်း သင်ရိုးညွှန်းတမ်း တွင် အင်္ဂလိပ်စာ၏ ဖွဲ့စည်းပုံ၊ လုပ်ဆောင်ချက် နှင့် စကားလုံးများကို ရှင်းပြနိုင်ရန်။<br>• မူလတန်းမှ အလယ်တန်း အဆင့်အထိ ဘာသာ | • အလယ်တန်း သင်ရိုးညွှန်တမ်းတွင် ဖော်ပြ ထားသော အင်္ဂလိပ်စာဘာသာ၏ ဖွဲ့စည်းပုံ၊ လုပ်ဆောင်ချက် များ နှင့် ဝေါဟာရများကို ခွဲခြမ်းစိတ်ဖြာနိုင်ရန်။<br>• အင်္ဂလိပ်စာတွင် ဘာသာစကား ရယူတတ်မြောက်မှု နှင့် ဘာသာစကား သင်ယူမှု အကြား ခွဲခြားနိုင်ရန်။<br>• ဘာသာစကား နယ်ပယ်၏ ဗဟုသုတများ သင်ကြားခြင်း ရည်ရွယ်ချက်များကို | • အလယ်တန်း သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသော အင်္ဂလိပ်စာ၏ ဖွဲ့စည်းပုံ၊ လုပ်ဆောင်ချက် နှင့် စကားလုံးများကို အကဲဖြတ်နိုင်ရန်။<br>• မြန်မာနိုင်ငံ၏ အခြေခံပညာ ကျောင်းသားများ အင်္ဂလိပ်စာ သင်ယူရာတွင် ကြုံတွေ့ရမည့် အဓိက အခက်အခဲများကို အကဲဖြတ်နိုင်ရန်။<br>• ဘာသာစကားဆိုင်ရာ ဗဟုသုတ |

| | | | | | |
|---|---|---|---|---|---|
| | | | စကား တတ်မြောက်မှု ဖွံ့ဖြိုးတိုးတက်မှုကို ခွဲခြားသတ်မှတ်နိုင်ရန်။<br>• အလယ်တန်း ကျောင်းများတွင် ဘာသာစကား နယ်ပယ်၏ ဗဟုသုတများ သင်ကြားခြင်း ရည်ရွယ်ချက်များကို ရှင်းပြနိုင်ရန်။<br>• အတန်းလိုက် ဘာသာစကား နယ်ပယ်၏ ဗဟုသုတများ သင်ကြားခြင်း ရည်ရွယ်ချက်များကို သင်ကြားရန်အတွက် ကျောင်းသုံးစာအုပ် နှင့် ဆရာလမ်းညွှန်တွင် အကြံပြုထားသော သင်ယူမှု လုပ်ငန်းများ၏ နမူနာများကို | သင်ကြားရန်အတွက် အလယ်တန်း ကျောင်းများ၏ ကျောင်းသုံးစာအုပ် နှင့် ဆရာလမ်းညွှန်၏ သင်ယူမှု လုပ်ငန်းများ နှင့် ရည်ရွယ်ချက်များကို အကဲဖြတ်နိုင်ရန်။<br>• နောက်ခံမတူညီ သော ကျောင်း သားများ ဘာသာစကားဆိုင်ရာ ဗဟုသုတများ သင်ယူရာတွင် ကြုံတွေ့နိုင်သော အခက်အခဲများကို ဥပမာများဖြင့် ပြောကြားနိုင်ရန် နှင့် ထိုအခက်အခဲများကို ကူညီနိုင်မည့် | သင်ကြားရာတွင် နောက်ခံ မတူညီသော မူလတန်း ကျောင်းသားများ အတွက် မူလတန်း ကျောင်းသုံး စာအုပ် နှင့် ဆရာလမ်းညွှန်များ၏ ထပ်လောင်း သင်ယူမှုလုပ်ငန်း များကို ပုံဖော်ရေးဆွဲနိုင်ရန်။<br>• ဘာသာစကားဆိုင်ရာ ဗဟုသုတ သင်ကြားရာတွင် မတူညီသော ကျောင်းသားများ၏ စွမ်းရည် အဆင့်များကို ကူညီထောက်ပံ့ ပေးနိုင်မည့် သင် ယူမှုလုပ်ငန်းများ ပါဝင်သော သင်ခန်းစာ |

| | | | | | |
|---|---|---|---|---|---|
| | | | ပြောကြားနိုင်ရန်။<br>• ဘာသာစကားဆိုင်ရာ ဗဟုသုတသင်ကြား ခြင်း၏ သင်ကြားသင်ယူမှု ဖြစ်စဉ်ကို ရှင်းပြနိုင်ရန်။<br>• ဘာသာစကားနှင့် ဆိုင်သော ဗဟုသုတများကို သင်ကြားသောအခါ အတန်းလိုက် သင်ကြားသည့် နည်းလမ်းများကို မည်သို့ လိုက်လျောညီထွေအောင် လုပ်ဆောင်နိုင်သည်ကို ဖော်ပြနိုင်ရန်။ | နည်းဗျူဟာများကို အကြံပြုနိုင်ရန်။ | ပြင်ဆင်မှုများကို ပုံဖော်ရေးဆွဲနိုင်ရန်။ |
| | လက်တွေ့ အသုံးဝင်သော ဘာသာ စကား | • ကျောင်းသားများအား နေ့စဉ် အခြေအနေတွင် အင်္ဂလိပ်စာကို ပြောဆိုသည့် | • ကျောင်းသားများ နေ့စဉ် အခြေအနေတွင် အင်္ဂလိပ်စာကို အမြဲတမ်း ပြောဆိုသည့် | • အင်္ဂလိပ် ဘာသာစကား ကို နေ့စဉ်ဘဝတွင် အသုံးပြုမှု၏ အရေး | • အင်္ဂလိပ် ဘာသာစကားကို နေ့စဉ်ဘဝတွင် အသုံးပြုမှု |

| | | | | | |
|---|---|---|---|---|---|
| | | ပတ်ဝန်းကျင်ကို ဖန်တီးပေးရန်။<br>• အခြေခံ ဆက်သွယ်ပြော ဆိုသည့် ကျွမ်းကျင်မှုများ ရရှိစေရန်။ | ပတ်ဝန်းကျင်၌ မည်သို့ ဆက်သွယ်ပြောဆိုရန် ဖန်တီးနိုင်သည်ကို ဥပမာများဖြင့် ပြောကြားနိုင်ရန်။<br>• ဆက်သွယ်ပြောဆို သည့် ကျွမ်းကျင်မှု အမျိုးမျိုးကို အသုံးပြုရန်။ | ပါမှု နှင့် သိရှိမှုများကို အသုံးချရန်။<br>• ဆက်သွယ်ပြော ဆိုသည့် ကျွမ်းကျင်မှု များ တိုးတက်ရန်။ | ၏ အရေးပါမှု နှင့် သိရှိမှုများကို အသုံးချရန်။<br>• ဆက်သွယ်ပြော ဆိုသည့် ကျွမ်းကျင်မှုများ တိုးတက်ရန်။ |
| ဘာသာစကား | သဒ္ဒါ | • နာမ်များ၊ ကြိယာများ၊ နာမဂိသေသန၊ ကြိယာ ဂိသေသနများ ကို ရှင်းပြ၍ ထိုသဒ္ဒါဆိုင်ရာ စာလုံးများကို မည်သို့ သင်ကြားမည်ကို ရှင်းပြရန်။<br>• နာမ်စားများ၊ ဂိဘတ်များကို အလေးပေးပြီး သဒ္ဒါဆိုင်ရာ | • သဒ္ဒါနည်းကျကျ အကြောင်းအရာများ၏ အသုံးပြုပုံ၊ အဓိပ္ပါယ် နှင့် ပုံစံများ ကို အသုံးပြုရန်။ | • သဒ္ဒါဆိုင်ရာ သွင်ပြင်လက္ခဏာများကို မိမိကိုယ်တိုင် အကျွမ်းတဝင် ရှိစေရန်။<br>• သဒ္ဒါနည်းကျကျ အကြောင်းအရာ သစ်များကို တည်ဆောက်ရန်။ | • သဒ္ဒါဆိုင်ရာ သွင်ပြင်လက္ခဏာများကို မိမိကိုယ်တိုင် အကျွမ်းတဝင် ရှိစေရန်။<br>• သဒ္ဒါနည်းကျကျ အကြောင်းအရာ သစ်များကို တည်ဆောက်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| | | စာလုံးများ၏ အသုံးပြုပုံ၊ အဓိပ္ပါယ် နှင့် ပုံစံများကို နားလည်ရန်။<br>• ပစ္စည်းများ (နာမ်၊ နာမ်စားတို့၏ အဓိပ္ပာယ်ကို ထူးခြားလေးနက်အောင်ကူညီ ထောက်ပံ့သောစကားလုံး) နှင့် စကားဆက်များကို အလေးပေးပြီး သဒ္ဒါဆိုင်ရာ စာလုံးများ၏ အသုံးပြုပုံ၊ အဓိပ္ပါယ် နှင့် ပုံစံများကို နားလည်ရန်။ | | | |

| | | | | | |
|---|---|---|---|---|---|
| | ဝေါဟာရ | • အတန်းအလိုက် စကားလုံးများအား အခြေအနေ အမျိုးမျိုးတွင်ရှင်းပြနိုင်ရန်။<br>• စကားလုံးများ၏ ရှုပ်ထွေးမှုကို သက်ရောက်နိုင်သော အပိုင်းများကို ရှင်းပြနိုင်ရန်။<br>• ကျောင်းသားများသည် အခြေအနေကို ကြည့်၍ စကားလုံး၏ အဓိပ္ပာယ်ကိုမည်သို့ ကောက်ချက်ချနိုင်သည်ကို ရှင်းပြနိုင်ရန်။ | • အရင်းအမြစ် အမျိုးမျိုးမှ အခြေအနေ အမျိုးမျိုးတွင် အသုံးပြုထားသော အတန်းအဆင့် အလိုက် စကားလုံးများကို အသုံးပြုနိုင်ရန်။<br>• အင်္ဂလိပ်စာ သင်ယူရာတွင် အဘိဓာန်ကို အသုံးပြုရန်။ | • စာသားနှင့် ပတ်သက်သော အကြောင်းအရာများ ကို ခွဲခြမ်းစိတ်ဖြာပြီး စကားလုံး အဓိပ္ပါယ်ကို ဆုံးဖြတ်နိုင်ရန်။<br>• စကားလုံး၏ အရင်းအမြစ် ဗဟုသုတများကို သူတို့၏ အဓိပ္ပါယ်ကို ဆုံးဖြတ်ပြီး အသုံးပြုရန်။ | • စာသားနှင့် ပတ်သက်သော အကြောင်းအရာများ ကို ခွဲခြမ်းစိတ်ဖြာပြီး စကားလုံး အဓိပ္ပါယ်ကို ဆုံးဖြတ်နိုင်ရန်။<br>• စကားလုံး၏ အရင်းအမြစ် ဗဟုသုတများကို သူတို့၏ အဓိပ္ပါယ်ကို ဆုံးဖြတ်ပြီး အသုံးပြုရန်။ |
| | အသံထွက်ခြင်း | • အသံထွက် သင်္ကေတ (phonetics) များဖြင့် မိမိကိုယ်တိုင် အကျွမ်းတဝင် ရှိစေရန်နှင့် အသံထွက် များ ဖွဲ့စည်းမှုကို | • အသံထွက် စကားလုံး သင်္ကေတ (phonetics) များကို အသံထွက်ခြင်း သင်ယူရာတွင် အသုံးပြုရန်။<br>• စကားလုံးများ၏ မှန်ကန်သော | • အသံထွက် စကားလုံး သင်္ကေတ (phonetics) ကို မည်သို့သင်ကြားရမည်ကို မိမိကိုယ်တိုင် အကျွမ်းတဝင် ရှိစေရန်။ | • အသံထွက် စကားလုံး သင်္ကေတ (phonetics) ကို မည်သို့သင်ကြားရမည်ကို မိမိကိုယ်တိုင် အကျွမ်းတဝင် ရှိစေရန်။ |

| | | | | | |
|---|---|---|---|---|---|
| | | အသုံးပြုကာစကားလုံးများကို မည်သို့မှန်ကန်စွာ အသံထွက်သည်ကို ရှင်းပြနိုင်ရန်။<br>• အသံထွက်စာလုံးများသည် မူလတန်းကျောင်းသားများအား အင်္ဂလိပ်စာလုံးများကို အသံထွက်ရာတွင် မည်သို့ ပံ့ပိုးပေးနိုင်သည်ကို ဆွေးနွေးနိုင်ရန်။ | အသံထွက်ကို အသုံးပြုရန် နှင့် မိမိ၏ အသံထွက်များကို တိုးတက်ရန်။ | • အင်္ဂလိပ်စာ အသံများကို မှန်ကန်စွာ ရွက်ဆိုနိုင်ရန် နှင့် အင်္ဂလိပ်စာကို မှန်ကန်သော အသံနေအသံထားဖြင့် ရွက်ဖတ်နိုင်ရန်။ | • အင်္ဂလိပ်စာ အသံများကို မှန်ကန်စွာ ရွက်ဆိုနိုင်ရန် နှင့် အင်္ဂလိပ်စာကို မှန်ကန်သော အသံနေအသံထား ဖြင့် ရွက်ဖတ်နိုင်ရန်။ |
